ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
**ငါးလုပ်ငန်းဦးစီးဌာန**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်

**ညွှန်ကြားချက်အမှတ်- ၄ /၂၀၁၃**

အကြောင်းအရာ။ ။ **ငါး/ပုစွန်ရေထွက်ပစ္စည်းများကို Chilled Type (ရေခဲရိုက်) နှင့် Dried Type (အခြောက်ခံ)၊ Other (အခြားနည်းလမ်းများဖြင့် ပြုပြင်ထုတ်လုပ်သော ရေထွက်ပစ္စည်းများအားလုံး) ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ မှတ်ပုံတင်ရန်ကိစ္စ**

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးပုစွန်ရေထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရာတွင် နိုင်ငံတကာမှ ပြဋ္ဌာန်းသတ်မှတ်ထားသည့် အစားအသောက် ဘေးကင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ရေထွက်ပစ္စည်းတင်သွင်းသော နိုင်ငံများ၏ လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ ယခုအခါ တရုတ်နိုင်ငံ၏ တောင်းဆိုချက်အရ ၎င်းတို့နိုင်ငံသို့ မြန်မာနိုင်ငံမှ တင်ပို့မည့် ငါး/ပုစွန်ရေထွက်ပစ္စည်းဖြစ်သည့် Chilled Type (ရေခဲရိုက်)၊ Dried Type (အခြောက်ခံ) နှင့် Other (အခြားနည်းလမ်းများဖြင့် ပြုပြင်ထုတ်လုပ်သော ရေထွက်ပစ္စည်းများအားလုံး) ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် သက်ဆိုင်ရာလုပ်ငန်း/ကုမ္ပဏီအလိုက် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ စနစ်တကျရှိစေရေး၊ ပြည်ပသို့ တင်ပို့သောရေထွက်ပစ္စည်းများ ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရေး ကြပ်မတ် ဆောင်ရွက်နိုင်ရန် အတွက် Chilled Type (ရေခဲရိုက်)၊ Dried Type (အခြောက်ခံ) နှင့် Other (အခြားနည်းလမ်းများဖြင့် ပြုပြင်ထုတ်လုပ်သော ရေထွက်ပစ္စည်းများ အားလုံး) လုပ်ကိုင်လျှက် ရှိသော လုပ်ငန်းရှင်များအနေဖြင့် မိမိ လုပ်ငန်းနှင့် သက်ဆိုင်သော ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ပြီးမှသာ ပြည်ပသို့ တင်ပို့ခြင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်သည်။

ပါမောက္ခဒေါက်တာမြင့်သိန်း
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

-------------------------

-------------------------

စာအမှတ် ၊ ငလ/နပတ-၅/၂၀၁၃( ၂၈၁၁ )
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်

မိတ္တူ -

၁။ ဝန်ကြီးရုံး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန။
၃။ ညွှန်ကြားရေးမှူး ( )၊ ငါးလုပ်ငန်းဦးစီးဌာန။
၄။ ပြည်နယ်/တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး
(မိမိဒေသရှိ သက်ဆိုင်ရာလုပ်ငန်းရှင်များအား အကြောင်းကြားပေးပါရန်)
၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။
၆။ ဥက္ကဋ္ဌ၊မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း။
(သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ဆက်လက်ပေးပို့ပါရန်)
၇။ ရုံးလက်ခံ။
၈။ မျှောစာတွဲ။